# ဓမ္မခန္ဓာ (၇၁) နူးဟ်

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၁)၊ သုတ်ဒေသနာ (၂၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **إِنَّا أَرْسَلْنَا نُوحًا إِلَى قَوْمِهِ أَنْ أَنذِرْ قَوْمَكَ مِن قَبْلِ أَن يَأْتِيَهُمْ عَذَابٌ أَلِيمٌ۞** <br> ငါအရှင်သည် နူးဟ်အား သူ့လူမျိုးထံသို့ "သူတို့ထံသို့ စူးနစ်နာကျင်သော ဝဋ်ကြွေး မပေးရောက်မီ သင့်လူမျိုးအား သတိပေးလော့၊"ဟု စေစား၍– |
| ၂။ | **قَالَ يَا قَوْمِ إِنِّي لَكُمْ نَذِيرٌ مُّبِينٌ۞** <br> သူပြောသည်မှာ "အို ကျွန်ုပ်၏ လူမျိုးတို့ ကျွန်ုပ်သည်ကား သင်တို့အတွက် ရိုးရိုးရှင်းရှင်း သတိပေးသူပင်– |
| ၃။ | **أَنِ اعْبُدُوا اللَّهَ وَاتَّقُوهُ وَأَطِيعُونِ۞** <br> ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ အရှင့်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်ကို နာခံကြလော့– |
| ၄။ | **يَغْفِرْ لَكُم مِّن ذُنُوبِكُمْ وَيُؤَخِّرْكُمْ إِلَى أَجَلٍ مُّسَمًّى إِنَّ أَجَلَ اللَّهِ إِذَا جَاء لَا يُؤَخَّرُ لَوْ كُنتُمْ تَعْلَمُونَ۞** <br> အရှင်သည် သင်တို့အား သင်တို့၏ မေ့ပြစ်များမှ လွတ်ငြိမ်းစေလိမ့်မည်၊ သတ်မှတ်ပြဌာန်းထားသော နေ့ကာလသို့ နောက်ဆုတ်ထားပေးလိမ့်မည်။ ဧကန်ပင် ပရမတ်ဘုရားရှင်၏ သတ်မှတ်ကာလသည် ရောက်ရှိလာသော်၊ နောက်ဆုတ်ထားနိုင်ခြင်း မရှိချေ။ သင်တို့ သိကြပါလေစ၊"ဟု ဖြစ်၏။ |
| ၅။ | **قَالَ رَبِّ إِنِّي دَعَوْتُ قَوْمِي لَيْلًا وَنَهَارًا۞** <br> သူ လျှောက်ထားသည်မှာ "အို ကံကြမ္မာရှင်၊ တပည့်တော်၏ လူမျိုးအား တပည့်တော်က နေ့ည မအား ဖိတ်ခေါ်ပါ၏၊ |
| ၆။ | **فَلَمْ يَزِدْهُمْ دُعَائِي إِلَّا فِرَارًا۞** <br> သို့သော် တပည့်တော်၏ ဖိတ်ခေါ်ခြင်းသည် သူတို့အား ငြင်းပြင်မုန်းတီးခြင်းကိုသာ တိုးပွားစေ၏၊ |
| ၇။ | **وَإِنِّي كُلَّمَا دَعَوْتُهُمْ لِتَغْفِرَ لَهُمْ جَعَلُوا أَصَابِعَهُمْ فِي آذَانِهِمْ وَاسْتَغْشَوْا ثِيَابَهُمْ وَأَصَرُّوا وَاسْتَكْبَرُوا اسْتِكْبَارًا۞** <br> အရှင်သည် သူတို့အား လွတ်ငြိမ်းစေရန်အလို့ငှာ– သူတို့အား တပည့်တော် ဖိတ်ခေါ်တိုင်း၊ သူတို့က သူတို့၏ နားများကို လက်ချောင်းများဖြင့် ပိတ်ဆို့ထားကြ၏။ ခြုံထည်များဖြင့် ဖုံးဖိထားကြ၏။ မာနကြီး မာနတစ်ခွဲသားဖြင့် ဆက်လက်မန်တက်နေ၏။[၁၀၈၂] |
| ၈။ | **ثُمَّ إِنِّي دَعَوْتُهُمْ جِهَارًا۞** <br> တဖန် တပည့်တော်သည် သူတို့အား ကျယ်ကျယ်လောင်လောင် ဖိတ်ခေါ်ပါ၏။ |

(၁၀၈၂) သူတို့ကိုယ်သူတို့ ခြုံထည်များဖြင့် ဖုံးဖိထားကြသည် ဆိုခြင်းမှာ သူတို့၏ စိတ်နှလုံး အသိတရားအား မိရိုးဖလာတည်းဟူသော အသိ မှိုင်းဖြင့် ခေါင်းပူးခြုံထားခြင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၉။ | ثُمَّ إِنِّي أَعْلَنتُ لَهُمْ وَأَسْرَرْتُ لَهُمْ إِسْرَارًا۝<br>တဖန် တပည့်တော်သည် သူတို့အား လူသိရှင်ကြား တစ်မျိုး၊ တိုးတိုးတိတ်တိတ် တစ်ဖုံ ဖြောင့်ဖျပါ၏။ |
| ၁၀။ | فَقُلْتُ اسْتَغْفِرُوا رَبَّكُمْ إِنَّهُ كَانَ غَفَّارًا۝<br>တပည့်တော်က ပြောသည်မှာ "ကံကြမ္မာရှင်၏ လွတ်ငြိမ်းဆုသည် သင်တို့အတွက် ဖြစ်ပါစေ၊ ကေန်ပင် အရှင်သည် လွတ်ငြိမ်းစေသော အရှင်– |
| ၁၁။ | يُرْسِلِ السَّمَاء عَلَيْكُم مِّدْرَارًا۝<br>အရှင်သည် သင်တို့အပေါ်သို့ ကောင်းကင်ယံမှ ရတနာမိုး သွန်းရွာပေးပါစေ–[၁၀၈၃] |
| ၁၂။ | وَيُمْدِدْكُمْ بِأَمْوَالٍ وَبَنِينَ وَيَجْعَل لَّكُمْ جَنَّاتٍ وَيَجْعَل لَّكُمْ أَنْهَارًا۝<br>သင်တို့၌ ဥစ္စာပစ္စည်း သားသမီး ပွားများပါစေ၊ သင်တို့အတွက် ဥယျာဉ်များကို စီရင်ပေးပါစေ၊ သင်တို့အတွက် မြစ်ချောင်းများကို စီရင်ပေးပါစေ၊"–ဟု ဖြစ်၍။ |
| ၁၃။ | مَّا لَكُمْ لَا تَرْجُونَ لِلَّهِ وَقَارًا۝<br>ပရမတ်ဘုရားရှင်ထံမှ စောင်မမှုကြီးကို မမျှော်ကိုးရအောင် သင်တို့၌ မည်သည် ဖြစ်နေကြသနည်း– |
| ၁၄။ | وَقَدْ خَلَقَكُمْ أَطْوَارًا۝<br>မုချပင် အရှင်သည် သင်တို့အား အဆင့်ဆင့် ဖြစ်တည်စေခဲ့၏။ |
| ၁၅။<br>☆၂း၂၉ | أَلَمْ تَرَوْا كَيْفَ خَلَقَ اللَّهُ سَبْعَ سَمَاوَاتٍ طِبَاقًا۝<br>ပရမတ်ဘုရားရှင်သည် အာကာ ခုနစ်ဆက်ကို☆ မည်သို့ ငြိလ်များ ဖြစ်တည်စေသည်ကို သင်တို့ မသုံးသပ်မိသလော။ |
| ၁၆။ | وَجَعَلَ الْقَمَرَ فِيهِنَّ نُورًا وَجَعَلَ الشَّمْسَ سِرَاجًا۝<br>အရှင်သည် လအား– သူမတို့၌[၁၀၈၄] အလင်းရောင်ကို စီရင်၍၊ နေအား မီးမောင်းအဖြစ် စီရင်ထား၏။ |
| ၁၇။ | وَاللَّهُ أَنبَتَكُم مِّنَ الْأَرْضِ نَبَاتًا۝<br>ပရမတ်ဘုရားရှင်သည် သင်တို့အား မြေကမ္ဘာမှ ဖွံ့ပေါ်ကြီးထွားစေခြင်းဖြင့် ဖွံ့ပေါ်စေ၏။ |
| ၁၈။ | ثُمَّ يُعِيدُكُمْ فِيهَا وَيُخْرِجُكُمْ إِخْرَاجًا۝<br>တဖန် သင်တို့အား ထိုအထဲသို့ ပြန်သွားစေ၍၊ သင်တို့အား ပြန်ထွက်လာစေခြင်းဖြင့် ပြန်ထွက်လာစေ၏။ |
| ၁၉။ | وَاللَّهُ جَعَلَ لَكُمُ الْأَرْضَ بِسَاطًا۝<br>ပရမတ်ဘုရားရှင်သည် သင်တို့အတွက် မြေကမ္ဘာကို ကျယ်ပြန့်စေတော်မူသည်မှာ– |
| ၂၀။ | لِتَسْلُكُوا مِنْهَا سُبُلًا فِجَاجًا۝<br>ထို၌ ရှည်ဝေးသော လမ်းမများဖြင့် သွားလာစေရန်၊"ဟု ဖြစ်၏။ |
| ၂၁။ | قَالَ نُوحٌ رَّبِّ إِنَّهُمْ عَصَوْنِي وَاتَّبَعُوا مَن لَّمْ يَزِدْهُ مَالُهُ وَوَلَدُهُ إِلَّا خَسَارًا۝ |

(၁၀၈၃) **မဒ်ရားရမ်** ဆိုသည်မှာ သူတို့အတွက် အလွန် အကျိုး ဖြစ်ထွန်းစေသော မိုးရေဟု ဖြစ်သောကြောင့် ရတနာမိုးဟု ပြန်ဆိုခြင်း ဖြစ်သည်။
(၁၀၈၄) ဤနေရာ၌ လကို လိင်မနာမ်စား အများကိန်း **هِنَّ ဟင်းန** ဖြင့် သုံးပေသည်။ ဆိုလိုသည်မှာ အာကာသ၌ "လ" ပေါင်းများစွာရှိသည်ဟု ဖြစ်၍၊ ထိုစကားသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ပြောဆိုခဲ့သော စကားဖြစ်ပေသည်။

| | |
|---|---|
| | နူးဟ်က လျှောက်ထားသည်မှာ "အို ကံကြမ္မာရှင်၊ သူတို့သည် တပည့်တော်အား အာခံ၍၊ ဥစ္စာပစ္စည်း သားသမီးသာ ပွားများ၍၊ လုံးပါးဆုံးရှုံးရမည့် သူများကိုသာ လိုက်နာနေကြ၏။ |
| ၂၂။ | وَمَكَرُوا مَكْرًا كُبَّارًا۝<br>သူတို့သည် ကြီးမားသော အကြံအစည်ကို ကြံစည်နေ၏။ |
| ၂၃။ | وَقَالُوا لَا تَذَرُنَّ آلِهَتَكُمْ وَلَا تَذَرُنَّ وَدًّا وَلَا سُوَاعًا وَلَا يَغُوثَ وَيَعُوقَ وَنَسْرًا۝<br>သူတို့က "သင်တို့၏ ဘုရားများကို မစွန့်လွှတ်ကြကုန်လင့်။ **ဝဒ်၊ ဆူဝါးအ်၊ ယဂူးဆ်၊ ယအူးက်**နှင့် **နဆ်ရာ** တို့ကို မစွန့်လွှတ်ကြကုန်လင့်၊"ဟု ဆိုကြ၍-[၁၀၈၅] |
| ၂၄။ | وَقَدْ أَضَلُّوا كَثِيرًا وَلَا تَزِدِ الظَّالِمِينَ إِلَّا ضَلَالًا۝<br>သူတို့သည် များစွာတို့ကို လမ်းလွဲစေကြပါပြီ။ အမိုက်ကောင်များကို တိုးပွားစေသည်မှာ အပါယ်လမ်းသို့သာ ဖြစ်၏။ |
| ၂၅။ | مِمَّا خَطِيئَاتِهِمْ أُغْرِقُوا فَأُدْخِلُوا نَارًا فَلَمْ يَجِدُوا لَهُم مِّن دُونِ اللَّهِ أَنصَارًا۝<br>သူတို့၏ အမှားတရားများကြောင့် သူတို့အား နစ်မြုပ်စေ၍၊ အပူမီးသို့ ဝင်ရောက်စေပြီ။ ပရမတ်ဘုရားရှင်အား အံတု၍ သူတို့အား ကူညီမည့်သူဟူ၍ မတွေ့ရချေ။ |
| ၂၆။ | وَقَالَ نُوحٌ رَّبِّ لَا تَذَرْ عَلَى الْأَرْضِ مِنَ الْكَافِرِينَ دَيَّارًا۝<br>နူးဟ်က လျှောက်ထားသည်မှာ "အို ကံကြမ္မာရှင်၊ မြေကမ္ဘာပေါ်၌ ဖုံးကွယ်သူများမှ မည်သည့် အိုးအိမ်ရှင်ကိုမျှ ချန်မထားပါလင့်-[၁၀၈၆] |
| ၂၇။ | إِنَّكَ إِن تَذَرْهُمْ يُضِلُّوا عِبَادَكَ وَلَا يَلِدُوا إِلَّا فَاجِرًا كَفَّارًا۝<br>ကေန်ပင် အရှင်သည် သူတို့အား ချန်ထားပါလျှင်၊ သူတို့သည် အရှင့်အမှုဆောင်များအား လမ်းလွဲစေ၍၊ ကိုယ်ကျင့်ပျက်သော ဖုံးကွယ်တတ်သော သားသမီးများကိုသာ ပွားစေပါလိမ့်မည်။ |
| ၂၈။ | رَبِّ اغْفِرْ لِي وَلِوَالِدَيَّ وَلِمَن دَخَلَ بَيْتِيَ مُؤْمِنًا وَلِلْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَلَا تَزِدِ الظَّالِمِينَ إِلَّا تَبَارًا۝<br>အို ကံကြမ္မာရှင်၊ တပည့်တော်နှင့် မွေးသမိဘများ၊ တပည့်တော် အိမ်သို့ ဝင်သော ယုံကြည်သည့် ယုံကြည်သူ၊ ယုံကြည်သော သူမများကို လွတ်ငြိမ်းစေတော်မူပါ။ အမိုက်ကောင်များအား ပျက်စီးယိုယွင်းခြင်းမှအပ ပွားများစေတော်မမူပါလင့်၊"ဟု ဖြစ်၏။ |

---

**(၁၀၈၅) ဝဒ်** ဆိုသည်မှာ **ကာ့လ်ဘ်** လူမျိုးတို့ ကိုးကွယ်သော ယောကျ်ားရုပ်ထု၏ အမည်၊ **ဆူဝါးအ်** ဆိုသည်မှာ **ဟု-ဒ်ဟေးလ်** လူမျိုးစုတို့ ကိုးကွယ်သော အမျိုးသမီးရုပ်ထု၏ အမည် **ယဂူးဆ်** ဆိုသည်မှာ **မူရာ့ဒ်** လူမျိုးစုတို့ ကိုးကွယ်သော ခြင်္သေ့ရုပ်ထု၏ အမည်၊ **ယအူးက်** ဆိုသည်မှာ **ဟာမန်ဒန်** လူမျိုးစုတို့ ကိုးကွယ်သည့် မြင်းရုပ်ထု၏ အမည်နှင့် **နဆ်ရာ** ဆိုသည်မှာ **ဟင်မ်ယာ** လူမျိုးစုတို့ ကိုးကွယ်သည့် လင်းယုန်ရုပ်ထု၏ အမည်များ ဖြစ်ပေသည်။ ကိုယ်တော် နူးဟ်၏ လူမျိုးတို့သည် ရိုးရာ ဘုရားတုများကို ကိုးကွယ်သည့်အပြင် ထိုသို့သော ရိုးရာ အယူ ရုပ်ထုဆင်းပွားမျိုးစုံအား လူမျိုးစု အလိုက် ကိုးကွယ်မှုများ ရှိခဲ့ပေသည်။

**(၁၀၈၆)** နူးဟ် ဆုတောင်းတွင် ပါဝင်သော ဖုံးကွယ်သော သူများ ဆိုသည်မှာ သူ့ကမ္ဘာ သူ့ပတ်ဝန်းကျင်မှ သူများသာ ဖြစ်ပေသည်။ ကမ္ဘာပြိုလ် တစ်ခုလုံးမှ လူသားများနှင့် မသက်ဆိုင်ပေ။